2023-11-09

# Clarkston (အထက်တန်းကျောင်း သင်္ချာ အသင်း) High Math Club သည် Family-Inspired အခမ်းအနားတွင် အဖွဲ့ဝင်အသစ် 37 ဦးကို ထပ်တိုးလာသည်

Clarkston အထက်တန်းကျောင်း၏ သင်္ချာကလပ်သည် နိုဝင်ဘာလ 6 ရက်နေ့တွင် ၎င်း၏ နှစ်ပတ်လည် မိတ်ဆက်အခမ်းအနားတွင် အဖွဲ့ဝင်အသစ် 37 ဦး ထပ်တိုးခြင်းကို ဂုဏ်ပြုခဲ့သည်။ ကလပ်၏ မိသားစုအသိုင်းအဝိုင်းကို အလေးပေးကာ Math Club သင်္ချာကလပ် (Math Club) ဥက္ကဋ္ဌ Afomia Legesse က နေ့စဉ်လူနေမှုဘဝတွင် သင်္ချာ၏ အရေးပါမှုနှင့် ပံ့ပိုးကူညီသော ပညာရေးအသိုင်းအဝိုင်းကို ထူထောင်ရာတွင် ကလပ်၏အခန်းကဏ္ဍ အကြောင်း ပြောကြားခဲ့သည်။ ကလပ်အနေဖြင့် ကျောင်းသားများအား ကျူရှင်များ၊ ပြိုင်ပွဲများနှင့် ရပ်ရွာဝန်ဆောင်မှု များမှတစ်ဆင့် ကျောင်းသားများအား စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ကတိပြုထားပြီး ကမ္ဘာလုံးဆိုင်ရာတာဝန်ယူမှုနှင့် အဖွဲ့လိုက်လုပ်ဆောင်မှုဆိုင်ရာ အနာဂတ်အတွက် ၎င်းတို့အတွက် ပြင်ဆင်နေပါသည်။

"သင်္ချာဆိုတာ နေရာတိုင်းမှာရှိပြီး ကျွန်မတို့ရဲ့ဘဝကို နေ့စဉ်ပုံဖော်နေပါတယ်။ ကျွန်မတို့ သင်္ချာ၊ ပညာရပ်ဆိုင်ရာ ထူးချွန်မှုနဲ့ ရပ်ရွာချိတ်ဆက်မှုတွေ အပေါ်မှာ နှစ်သက်ဖို့အတွက် ကျွန်မတို့ရဲ့ အသင်းက မြှင့်တင်ပေးပါတယ်။ ကျွန်မတို့က ကလပ်တစ်ခုဘဲဖြစ်တာမကဘူး၊ ကျွန်မတို့ရဲ့သင်ရိုးညွှန်းတမ်း လှုပ်ရှားမှုကို လုပ်ဆောင်နေတာထက် မိသားစုတစ်ခုလိုဖြစ်ပါတယ်" ဟု Afomia မှ ပြောကြားခဲ့သည်။ "ဘယ်သူ့ကိုမှ နောက်မှာ မချန်ထားဘဲ တစ်ယောက်နဲ့တစ်ယောက် ဖေးမကူညီတဲ့ အသင်းလေးပါ။"

ကလပ်၏ဆရာအကြံပေးသည် ကလပ်၏ ပါဝင်စေသော ချဉ်းကပ်မှုအား ချီးကျူးပြီး အပြုသဘောဆောင်သောပတ်ဝန်းကျင်တွင် သင်္ချာဘာသာရပ်ကိုလေ့လာရန် စွမ်းရည်အားလုံးကို ကျောင်းသားများအားဖိတ်ခေါ်ခဲ့သည်။

"သင်္ချာကလပ်ဟာ လူတွေရဲ့ ကျွမ်းကျင်မှုအဆင့် ဘယ်လိုဘဲရှိနေပါစေ လူတိုင်းအတွက် တရားမျှတမှုနဲ့ သဘောထားကြီးသော နေရာလေးတစ်ခုမှာ သင်္ချာကို နှစ်သက်ပျော်မွေ့ဖို့ နေရာတစ်ခုကို ပံ့ပိုးပေးနေတာပါ" ဟု Mr. Rajashekar Choutapally က ပြောကြားခဲ့သည်။ "အဲဒါက ကျောင်းသားတွေကို သင်္ချာဘာသာရပ်မှာ ပျော်မြူးစွာနဲ့ ကွဲပြားတဲ့ပုံစံဖြင့်နဲ့ ပါဝင်ဖို့ အားပေးအားပြုစေပါတယ်။"

11 တန်းကျောင်းသား Abdel Mahamat သည် သူ၏ ကျောင်းသားများအား ကူညီရာတွင် စိတ်အားထက်သန်ကြောင်း ဖော်ပြခဲ့သည်။ သူသည် သင်္ချာဘာသာရပ်တွင် ရုန်းကန်နေရသောသူများကို ကူညီရန် ရည်ရွယ်၍ သင်္ချာကလပ်သို့ ဝင်ရောက်ခဲ့သည်။ "သူတို့အိမ်စာလုပ်ချိန်မှာ အခက်အခဲရှိရင် သူတို့ကိုကူညီဖို့ အဆင်သင့်ရှိနေပါတယ်" ဟု ၎င်းက ဆိုပါသည်။

Clarkston အထက်တန်းကျောင်းအုပ်ကြီး Pattie Lemelle သည် သင်္ချာဆိုင်ရာ ဇာတ်ကြောင်းကို ပြောင်းလဲရန် ကူညီပေးခြင်းဖြင့် စာရင်းသွင်းသူ အသစ်များကို သွင်းခဲ့သည်။

"[ဤကျောင်းသားများ] က သင်္ချာမကြိုက်တဲ့ ကျောင်းသားတွေရဲ့ ဒီမီးတောက်ကြီး လောင်ကျွမ်းဖို့ ဝန်ထမ်းတွေမှာ တာဝန်ရှိတယ်ဆိုတာ ကျွန်မ သိနေပါတယ်" ဟု သူမက ဆိုသည်။ "သင်္ချာအကြောင်းအရာနဲ့ သက်ဆိုင်တဲ့အတွက် ပိုမိုကောင်းမွန်တဲ့ နေရာတစ်ခုဆီ လမ်းညွှန်ပေးဖို့ သူတို့အပေါ်မှာ မှုတည်နေပါတယ်၊ ဒီစာသင်နှစ်တစ်လျှောက်လုံးမှာ သူတို့စီစဉ်ထားတဲ့ လှုပ်ရှားမှုတွေကို ကျွန်မတို့ မျှော်လင့်နေပါတယ်။"

အခမ်းအနားတွင် သင်္ချာဘာသာရပ်၌ ထူးချွန်စေရန်နှင့် ကျောင်းသားများအကြား ရေရှည်ချိတ်ဆက်မှုတည်ဆောက်ရန် ကလပ်၏ရည်မှန်းချက်ကို အလေးပေး ဖော်ပြခဲ့ပါသည်။

အခမ်းအနားပွဲသို့ တက်ရောက်ခြင်း ရုပ်ပုံများကို ကြည့်ရှုရန် - https://flic.kr/s/aHBqjB2FUA

XXX